# ကောင်းကင်ဘုံသို့မည်သို့ ရောက်ရှိနိုင်မည်နည်း။



Werner Gitt

# ကောင်းကင်ဘုံသို့မည်သို့ ရောက်ရှိနိုင်မည်နည်း။

လူပေါင်းများစွာတို့က ထာဝရကာလအကြောင်းကို မစဉ်းစားဘဲ ကြိုးစားနေကြည့်ချင်ကြသည်။ သေခြင်းတရားကို စဉ်းစားနေသူများပင်လျှင် အနာဂတ်တွင် ဖြစ်ပျက်လာမည့်အကြောင်းအရာများကို မေ့ပစ်ရန် ကြိုးစားအားထုတ်ကြသည်။ ကလေးငယ်တစ်ဦးအနေဖြင့် အမေရိကန်အမျိုးသမီးသရုပ်ဆောင် ဒရူးဘယ်ရီမိုး (Drew Barrymore) သည် (၁၉၇၅ တွင် မွေးဖွါးသည်) "အီးတီ" (E.T) ရုပ်ရှင်ဇာတ်ကားတွင် ခေါင်းဆောင်အခန်းကဏ္ဍတစ်ခုကို သရုပ်ဆောင်ခဲ့ရသည်။ သူမသည် အသက် ၂၈ နှစ်အရွယ်တွင် "ကျွန်မသည် မွေးထားသည့်ကြောင်ရှေ့တွင် သေသင့်ပါသလား။ ကျွန်မ၏အပြာရောင်အသားအရေတွေကို သူ့အား စားစေလိုသည်။ အနည်းဆုံး ကျွန်မမွေးထားသော ကြောင်ကလေးအတွင်း၌ အသက်ရှင်လိုပါသည်" ဟု ပြောဆိုခဲ့သည်။ ထိုသို့ အသိဉာဏ်မဲ့ခြင်းနှင့်ရေရှည်ကြည့်မြင်တတ်မှုမရှိခြင်းသည် ကြောက်လန့်စရာ မကောင်းပေဘူးလား။ ယေရှုသည် မြေကြီးပေါ်တွင် အသက်ရှင်နေထိုင်စဉ်အခါက လူများစွာတို့သည် အထံတော်သို့ရောက်လာခဲ့ကြသည်။ ၎င်းတို့၏ ပြဿနာများကို ချက်ချင်းပင် ဖြေရှင်းပေးရသည်။

- နူနာစွဲသူ ၁၀ ဦး ကျန်းမာခြင်းကို ရရှိလိုကြသည်။ (လုကာ ၁၇း၁၃)
- မျက်စိကန်းသောသူများ မြင်လိုကြသည်။ (မဿဲ ၉း၂၇)
- လူတစ်ဦးကလည်း အမွေဥစ္စာဝေခွဲခြင်းအတွက် ယေရှု၏အကူအညီကို ရရှိလိုသည်။ (လုကာ ၁၂း၁၃-၁၄)
- ဖာရိရှဲတို့သည် ကဲသာဘုရင်အား အခွန်ပေးသင့်သည် မပေးသင့်သည် အကြောင်းနှင့်ပတ်သက်ပြီး ကလိန်ကကျစ်ကျသောမေးခွန်းနှင့်အတူ ရောက်လာခဲ့ကြသည်။ (မဿဲ ၂၂း၁၇)

ကောင်းကင်ဘုံသို့ရောက်ရှိနိုင်သည့်အကြောင်းအရာနှင့်ပတ်သက်ပြီးယေရှုမိန့်တော်မူချက်များကို နား ထောင်ရန် လူအနည်းငယ်သာ အထံတော်သို့ရောက်လာခဲ့ကြသည်။ ဥစ္စာပြည့်စုံသောလူငယ်တစ်ဦးသည် ယေရှုထံသို့လာ၍ **"ကောင်းမြတ်သောဆရာ၊ ထာဝရအသက်ကို အမွေခံရအံ့သောငှါ အကျွန်ုပ်သည် အဘယ်အမှုကို ပြုရပါမည်နည်း"** ဟု မေးလျှောက်ခဲ့သည် (လုကာ ၁၈း၁၈)။ ယေရှုက သူ ပိုင်ဆိုင်သမျှကို ရောင်း၍ နောက်တော်သို့လိုက်ရန် မိန့်တော်မူခဲ့သည်။ သူသည် ဥစ္စာပြည့်စုံသောသူဖြစ်သောကြောင့် ယေရှု၏အကြံပြုချက်ကို မလိုက်နာသဖြင့် ကောင်းကင်ဘုံနှင့်လွဲချော်ခဲ့ရသည်။ တစ်နည်းအားဖြင့် လူတို့သည် ကောင်းကင်ဘုံကို ရှာဖွေခြင်းမရှိကြသော်လည်း ယေရှုနှင့်ထိတ်တိုက်ရင်ဆိုင်တွေ့

ပြီး ထိုအကြောင်းကို ကြားသိရကြသောအခါ အခွင့်အရေးကို အရယူလိုကြသည်။ ဇက္ခဲသည် ယေရှုကို အတန်ကြာ စောင့်မျှော်ခဲ့ရသည်။ နောက်ဆုံးတွင် မျှော်လင့်သည်ထက် အခွင့်ထူးကို ခံစားခဲ့ရသည်။ ယေရှုသည် သူ့အိမ်သို့ဝင်တော်မူပြီး လက်ဖက်ရည်သောက်နေကြစဉ်ပင် သင်အလိုကျသည်ဖြစ်စေ၊ အလိုမကျသည်ဖြစ်စေ ကောင်းကင်ဘုံကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ **"ယနေ့ပင် ကယ်တင်တော်မူခြင်းကျေးဇူးသည် ဤအိမ်အပေါ် သက်ရောက်လေ၏"** (လုကာ ၁၉း၉)။

## ကောင်းကင်ဘုံကို အဘယ်သို့ ရှာတွေ့နိုင်မည်နည်း

ကျွန်ုပ်တို့မြင်တွေ့ခဲ့ပြီးသောအရာများထဲတွင် အောက်ပါအချက်များကို တွေ့မြင်နိုင်ပါသည်။

- ကောင်းကင်နိုင်ငံတော်သည် တိကျသည့်အချက်တစ်ခုတွင် အချိန်မှီ တွေ့မြင်ရသည်။ သိဖို့ကောင်းသောအရာလည်းဖြစ်ပါသည်။ ဆိုလိုသည်မှာ စာဖတ်ပရိသတ်တည်းဟူသော သင်သည် ယနေ့ပင် ထာဝရအသက်ကို လက်ဝယ် ပိုင်ဆိုင်ထားနိုင်သည်။
- ကောင်းကင်နိုင်ငံတော်ကို ကောင်းမှုကုသိုလ်အားဖြင့် ရောက်ရှိနိုင်ခြင်းမရှိပါ။
- လူတစ်ဦးသည် ပြင်ဆင်ခြင်းတစ်စုံတစ်ရာမပါဘဲ ကောင်းကင်နိုင်ငံတော်သို့ ရောက်ရှိနိုင်ပါသည်။

ကောင်းကင်ဘုံသို့ရောက်ရှိနိုင်သည့်နည်းလမ်းနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့၏ အယူအဆများသည် သမ္မာကျမ်းစာအပေါ်အခြေခံထားခြင်းမရှိလျှင် မှားယွင်းနေမည်ဖြစ်သည်။ ဆက်ကပ်ပွဲတွင် နှစ်ပေါင်းများစွာ ပါဝင်လာပြီးနောက်တွင် နှုတ်ထွက်သွားသည့် လူပြက်တစ်ဦးအကြောင်းဖွဲ့နွဲ့ထားသော တေးသီချင်းတစ်ပုဒ်ကို အဆိုတော်တစ်ဦးသည် တစ်ချိန်က သီဆိုခဲ့ဖူးသည်။ တေးသီချင်းက "သူသည် ကောင်းကင်ဘုံသို့ရောက်ရှိသွားလိမ့်မည်။ လူများစွာတို့ကို ပျော်ရွှင်ရယ်မောခြင်းကိုပေးခဲ့သည်" ဟုဆိုခဲ့ပါသည်။ ဥစ္စာရတတ်သောသူသည် အမျိုးသမီး အယောက် ၂၀


© michieldb - istockphoto.com

ခန့် အခမဲ့နေထိုင်နိုင်သည့် သာမန်အိမ်ကလေးတစ်ဆောင်ကို ဆောက်လုပ်ခဲ့သည်။ လွတ်မြောက်နိုင်သည့် လမ်းတစ်ခုသာလျှင်ရရှိသည့်အခြေအနေတွင် ရှိပြီး ၄င်းမှာ အမျိုးသမီးများသည် ဥစ္စာရတတ်သောသူ၏ဝိညာဉ်ရေးရာကယ်တင်ခြင်းအတွက် နေ့တိုင်း တစ်နာရီစီကျ ဆုတောင်းရန် ကတိပေးထားခဲ့ပါသည်။

## ကောင်းကင်ဘုံသို့ မည်သည့်နည်းလမ်းဖြင့် အမှန်တကယ် ရောက်ရှိနိုင်သနည်း

ယေရှုက ၄င်း၏ရှင်းလင်တင်ပြချက်ကို အထောက်အကူပေးရန် သာဓကတစ်ခုကို ပေးထားသည်။ ရှင်လုကာခရစ်ဝင်ကျမ်း အခန်းကြီး ၁၄၊ အပိုဒ်ငယ် ၁၆ တွင် စားပွဲသောက်ပွဲကြီးတစ်ခုကိုပြင်ဆင်ထားသောလူ (ဥပမာထဲတွင် ဘုရားသခင်အကြောင်းပါဝင်သည်) တစ်ဦးအကြောင်းကို ဖော်ပြထားပါသည်။ သူသည် လူကိုစေလွှတ်၍ ခေါ်ဖိတ်ခြင်းကိုပြုသော်လည်း ပြန်လည်တုန့်ပြန်ခြင်းများမှာ စိတ်ပျက်ဖွယ်ရာများသာဖြစ်ပါသည်။ "သူ-တို့ အားလုံးသည် တစ်ညီတစ်ညွတ်တည်း ပရိယာယ်ကိုပြုကြသည်။ ပထမတစ်ဦးက 'အကျွန်ုပ်သည် မြေကိုဝယ်ပါပြီ။' . . . အခြားတစ်ယောက်က 'အကျွန်ုပ်သည် နွားငါးယှဉ်းကို ဝယ်ပါပြီ။' အခြားတစ်ဦးက 'အကျွန်ုပ်သည် မယားနှင့်လက်ထပ်ပါပြီ။' သို့ဖြစ်၍ ကျွန်ုပ်မလာနိုင်ပါ" ဟု ဆိုကြသည်။ ယေရှုက ဤပုံဥပမာကို **"အထက်က ခေါ်ဘိတ်သောသူတယောက်မျှ ငါ့ပွဲသို့မဝင်ရ၊ ငါအမိန့်ရှိပြီဟု အစေအပါးတို့အားဆိုသည်"** ဟူသောစကားဖြင့် အဆုံးသတ်ခဲ့သည် (လုကာ ၁၄း၂၄)။

ဤပုံဥပမာကိုကြည့်ခြင်းအားဖြင့် ကောင်းကင်သို့ရောက်ရှိနိုင်သည်၊ သို့မဟုတ် လွဲချော်နိုင်သည်မှာ ထင်ရှားနေပါသည်။ အရေးကြီးသည့်အချက်မှာ ခေါ်ဖိတ်ခြင်းကို သင်လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပင်ဖြစ်ပါသည်။ ထိုအရာသည် မလွယ်ကူဘူးမဟုတ်လား။ လူတို့သည် အခ အခါ ကောင်းကင်မရောက်အောင် ဆီးတားကြသည်။ ၄င်းမှာ သူတို့သည် သွားရာလမ်းကို မသိကြသောကြောင့်မဟုတ်ဘဲ ခေါ်ဖိတ်ခြင်းကို လက်မခံဘဲ ငြင်းဆန်ကြသောကြောင့်ပင်ဖြစ်ပါသည်။

ပုံဥပမာတွင်တွေ့ရသော လူသုံးဦးမှာ ကျွန်ုပ်တို့အတွက် စံပြကောင်းများမဖြစ်ကြပေ။ ပွဲသို့လာရန် ခေါ်ဖိတ်ခြင်းကို အဘယ်တစ်ဦးမျှ လက်ခံခြင်းမပြုကြပါ။ ထိုအကြောင်းကြောင့် ပွဲကို ဖျက်သိမ်းရပါသလား။ ထိုသို့မဟုတ်ပါ။ ခေါ်ဖိတ်ခံရသောသူများသည် လာရောက်ရန် ငြင်းဆန်ကြသောကြောင့် အခြားနေရာ တွင်ရှိသောလူများကို ခေါ်ဖိတ်ခဲ့ရသည်။ ယခုတစ်ကြိမ်တွင် ရွေးစီထားသောဖိတ်စာဖြင့် ခေါ်ဖိတ်ထား သည်မဟုတ်။ "လာကြပါ" ဟု ခေါ်ရုံသက်သက်သာဖြစ်ပါသည်။ ခေါ်ဖိတ်ခြင်းကို လက်ခံသောသူတို့ကို စားသောက်ပွဲ၌ နေရာပေးထားကြသည်။ အဘယ်သို့ဖြစ်လာသနည်း။ လူအုပ်ကြီးသည် လာကြပါသည်။ အချိန်ကာလကြာလာသောအခါ အိမ်ရှင်သည်



© Estate of Stephen Laurence Strathdee - istockphoto.com

နေရာလွတ်ကျန်လျက်ရှိနေသေးသည်ကို မြင်တွေ့ခဲ့သည်။ အစေခံတို့အား "ငါ၏အိမ်ကိုပြည့်စေခြင်းငှါ အိမ်ကြိုအိမ်ကြား၊ လမ်းကြိုလမ်းကြားသို့သွားပြီး ခေါ်ဖိတ်ခြင်းကို ပြုကြပါ" ဟု ဆိုခဲ့သည်။

ဤနေရာတွင် ပုံဥပမာက ယနေ့ခေတ် ကျွန်ုပ်တို့အား လုပ်ဆောင်စေလိုသောအရာကို သတိချပ်စေချင်ပါသည်။ ကောင်းကင်ဘုံတွင် အခန်းများရှိလျက်နေသေးသဖြင့် ဘုရားသခင်က ကျွန်ုပ်တို့အား "ကောင်းကင်ဘုံသို့လာ၍ နေရာယူကြပါ။ မှန်ကန်သောဆုံးဖြတ်ချက်ကိုချပြီး ထာဝရကာလအတွက် သင့်နေရာကို စောင့်ရှောက်ထားပါ။ ယနေ့ပင် လုပ်ဆောင်ပါ။"

ကောင်းကင်ဟူသည်မှာ အလွန်ပင်အံ့ဘွယ်ကောင်းလှပါသည်။ သို့ဖြစ်သောကြောင့် ယေရှုက ပွဲတစ်ခုနှင့် ခိုင်းနှိုင်းတင်ပြထားသည်။ ၁ ကော ၂း၉ က **"ဘုရားသခင်ကိုချစ်သောသူတို့အဘို့အလို့ငှါ၊ ဘုရားသခင် ပြင်ဆင်တော်မူသောအရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊စိတ်နှလုံးဖြင့် မကြံစည်သေး"** ဟု ဆိုထားပါသည်။ ကောင်းကင်ဘုံနှင့်ဆင်တူသောအရာ မြေကြီးပေါ်တွင် လုံးဝမရှိပါ။ အဘယ်အရာမျှ မရှိပါ။ အလွန်ပင် အံ့ဩဘွယ်ကောင်းလှပါတကား။ ကျွန်ုပ်တို့သည် ကောင်းကင်ကို လွဲချော်ဖို့မတတ်နိုင်ကြပါ။ မယုံကြည်နိုင်လောက်အောင်ပင် အဖိုးထိုက်တန်လှပါသည်။ ဘုရားသခင်၏ သားတော်ဖြစ်သော ယေရှုသည် ကောင်းကင်ဘုံသို့သွားရာ တစ်ခုတည်းသောလမ်းကို ကျွန်ုပ်တို့အဖို့ ဖွင့်ဖောက်ပေးသောသူဖြစ်သည်။ ကျွန်ုပ်တို့ကောင်းကင်ဘုံသို့ရောက်ရှိရန် လွယ်ကူသော နည်းလမ်းကို လုပ်ဆောင်ပေးသောသူလည်းဖြစ်ပါသည်။ ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အချက်တစ်ချက်မှာ သွားလိုသောစိတ်ရှိရန်ပင်ဖြစ်သည်။ ပုံဥပမာတွင်တွေ့ရသောလူများကဲ့သို့ ရှေ့ရှုည်မမြင်နိုင်သောသူများသာလျှင် ဘုရားသခင်၏ခေါ်ဖိတ်ခြင်းကို ငြင်းပယ်ကြမည်ဖြစ်သည်။

## သခင်ယေရှုအားဖြင့်ရရှိသော ကယ်တင်ခြင်း

တမန်တော် ၂း၂၁ တွင် **"ထာဝရဘုရားကို ပဌနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်း သို့ရောက်ရကြလတံ့"** ဟူ၍ အလွန်အရေးကြီးသည့်အကြောင်းအရာကို ဖတ်ရှုရပါသည်။ ဤသည်မှာ ဓမ္မသစ်ကျမ်း၏အချက်အချာကျသောကျမ်းပိုဒ်ပင်ဖြစ်ပါသည်။

ဖိလိပ္ပိတွင် ရှင်ပေါလုသည် အကျဉ်းခံနေရစဉ်တွင် ထောင်မှူးနှင့်စကားပြောရတွင် **"သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့်သင်၏ အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်"** (တမန်တော် ၁၆း၃၁) ဟု အကျဉ်းချုံး၍ ပြောကြားခဲ့ပါသည်။ သတင်းစကားသည် လိုရင်း တိုရှင်းဖြစ်သည်နည်းတူ အရာခပ်သိမ်း၏ဇစ်မြစ်ဖြစ်သလို ဘဝကို ပြောင်းလဲစေနိုင်သောစကားလည်း ဖြစ်ပါသည်။ ထောင်မှူးသည် ထိုညတွင်ပင် ပြောင်းလဲခဲ့သည်။

ယေရှုသည် သင့်အား မည်သည့်နေရာမှ ကယ်တင်ခဲ့ပါသနည်း။ အလွန်အရေးကြီးသည့် မေးသင့်မေး ထိုက်သည့် မေးခွန်းတစ်ခုပင်ဖြစ်ပါသည်။ ငရဲတည်းဟူသော ထာဝရပျက်စီးခြင်းသို့ဦးဆောင်သော လမ်းထဲက ကယ်နှုတ်တော်မူခဲ့ပါသည်။ သမ္မာကျမ်းစာက လူတို့သည် ကောင်းကင် သို့မဟုတ် ငရဲ တစ်ခုခုတွင် ထာဝရ စံစားကြရမည်ဟု ဆိုပါသည်။ ဤ နှစ်ခုတွင် တစ်ခုမှာ အလွန်ပင် အံ့သြစရာကောင်းလှပြီး ကျန်တစ်ခုမှာ ကြောက်မက်ဖွယ်ရာဖြစ်ပါသည်။ အလှည့်ကျမဖြစ်နိုင်ပါ။ သူတို့သေဆုံးပြီး ငါးမိနစ်အကြာတွင် သေခြင်းသည် ဇာတ်သိမ်းဖြစ်သည်ဟူသော ယုံကြည်ခြင်းမျိုးကိုစွဲကိုင်ရန် မဖြစ်နိုင်တော့ပါ။ သင့်ဘဝကို ယေရှုခရစ်နှင့်သင်၏ ဆက်နွယ်မှုက စီရင်လိမ့်မည်။ ၎င်းမှာ ထာဝရကာလ သင်ရှိနေရမည့်နေရာကို ဆုံးဖြတ်ထားသောအရာပင်ဖြစ်သည်။

ကျွန်ုပ်သည် စကားပြောလှည့်လည်ခြင်းတစ်ခုတွင် ပိုလန် နိုင်ငံသို့ရောက်သောအခါ အော့စ်စဝစ်ချ (Auschwitz) အမည်ရှိ ရှေးဟောင်းအကျဉ်းစခန်းတစ်ခုသို့ အလည်အပတ်သွားခဲ့သည်။ တတိယမြောက် ဂျာမန်အင်ပါယာ (ဒုတိယကမ္ဘာစစ်အတွင်း) တွင် ကြောက်မက်ဖွယ်သောအရာများဖြစ်ပေါ်ခဲ့ပါသည်။ ၁၉၄၂ နှင့် ၁၉၄၄ ခုနှစ်များအတွင်းတွင် ၁ ဒသမ ၆ သန်းထက်မနည်းသည့်လူများ၊ အဓိကအားဖြင့် ဂျူးလူမျိုးများကို သတ်ဖြတ်ပြီး ၎င်းတို့၏ခန္ဓာကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။ စာပေအရေးအသားအရဆိုရလျှင် ၎င်းကို "အော့စ်စဝစ်ချငရဲ" ဟုပင် မကြာခဏ သုံးနှုန်းလေ့ရှိကြသည်။ ထိုဖော်ပြချက်သည် ကျွန်ုပ် စိတ်နှလုံးထဲသို့ လူပေါင်း ၆၀၀ ကို တစ်ပြိုင်တည်းသေစေနိုင်သည့် အိတ်ဆောင်ဓာတ်ငွေ့အားဖြင့် ကျွန်ုပ်တို့အား ယူဆောင်လာသည့်လမ်းညွှန်အဖြစ် ရောက်ရှိသွားခဲ့သည်။ အဘယ်မျှလောက်ကြောက်မက်ဖွယ် ကောင်းလှသည်ကို ကျွန်ုပ်တို့အနေဖြင့် စတင်စိတ်ကူးမှန်းဆနိုင်သည်ဟုမထင်မိပါ။ သို့သော် ၎င်းသည် အမှန်တကယ်ပင် ငရဲဖြစ်ခဲ့ရပါသည်။

ကျွန်ုပ်တို့သည် ဓာတ်ငွေ့ထားရာနေရာသို့သာ သွားရောက်လည်ပတ်နိုင်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ကြောက်မက်ဖွယ်ကောင်းလှသော မြင်ကွင်းသည် ၁၉၄၅ ခုနှစ်တွင် အဆုံးသတ်ခဲ့ပါသည်။ ယခုတွင် ထိုနေရာသို့ သင်အလည်အပတ်သွားနိုင်ပါသည်။ ထိုအရပ်တွင် အဘယ်သူကိုမျှ ညှင်းပန်းနှိပ်စက်ခြင်း မရှိတော့ပါ။ အဆိပ်သင့်ခြင်းလည်းမရှိတော့ပါ။ အော့စ်စဝစ်ချတွင်ရှိသောဓာတ်ငွေ့သည် အဆုံးသတ်သွားခဲ့ပြီ။ သို့သော်

သမ္မာကျမ်းစာထဲတွင် ဖော်ပြထားသောငရဲဟူသည်မှာ ထာဝရတည်သောနေရာပင် ဖြစ်ပါသည်။

မွတ်စလင်အကျဉ်းစခန်းဝင်ပေါက်တွင် လက်ဝါးကပ်တိုင်ပေါ်တွင်ချိတ်ဆွဲထား သောခရစ်တော်၏ခန္ဓာပုံ တစ်ပုံကို သတိပြုမိလိုက်သည်။ အကျဉ်းသားတစ်ဦးသည် နံရံပေါ်တွင် သံဖြင့်ရိုက်ပြီးချိတ်ဆွဲထားသော ဤရုပ်ပုံကို ကုတ်နေလျက် လက်ဝါး ကပ်တိုင်တွင်အသေသတ်ခြင်းကိုခံရသော ယေရှုအပေါ် ၎င်း၏မျှော်လင့် ချက်ကို ပြသခဲ့သည်။ ဤသူသည် ဓာတ်ငွေ့အိတ်ဖြင့် သေဆုံးသွားခဲ့ရသည်။ သို့ရာတွင် သူသည် ကယ်တင်သောအရှင် ယေရှုကို သိရှိခဲ့သည်။ သူသည် ကြောက်မက်ဖွယ်ကောင်းသည့်နေရာတွင် သေသော်လည်း ကောင်းကင်ဘုံထဲတွင် ကြိုဆိုခြင်းကို ခံခဲ့ရပါသည်။ ဓမ္မသစ်ကျမ်းတွင် ယေရှုခရစ်ဖော်ပြထား သောငရဲထဲက လွတ်မြောက်ရန် အခွင့်အရေးလုံးဝမရှိပေ။ (ဥပမာ မဿဲ ၇း၁၂၊ ၅း၂၉-၃၀၊ ၁၈း၈) သင်သည် ငရဲသို့ အလည်အပတ် သွားလို့မရပါ။ ၎င်းသည် စဉ်ဆက်မပြတ်ကြောက်မက်ဖွယ်ကောင်းသည့် နေရာတစ်ခုဖြစ်နေပေလိမ့်မည်။

ကောင်းကင်ဘုံသည်လည်း ထာဝရကာလပင်ဖြစ်ပါသည်။ ၎င်းသည် ဘုရားသခင်က ကျွန်ုပ်တို့အား ဆောင်ယူသွားလိုသည့်နေရာတစ်ခုပင်ဖြစ်ပါသည်။ ထို့ကြောင့် ကောင်းကင်ဘုံတွင် ခေါ်ဖိတ်ခြင်းကို ခံရရန် မိမိကိုယ်ကို ခွင့်ပြုထားပါ။ သခင်ဘုရား၏နာမကိုအမြဲပြုတောင်းလျှောက်ပြီး ကောင်းကင်ဘုံအတွက် ကြိုတင်စာရင်းပေးသွင်းပါ။ စကားပြောပြီးသည်နှင့်ချက်ချင်း အမျိုးသမီးတစ်ဦးသည် ကျွန်ုပ်ထံသို့ ရောက် လာသည်။ သူသည် လုံးဝ ကမောက်ကမဖြစ်သွားသည်။ “အဘယ်သူသည် ကောင်းကင်ဘုံသို့ရောက်ရန် စာရင်းပေးသွင်းနိုင်မလဲ။ ၎င်းသည် ခရီးသွားအေဂျင်စီတစ်ခုလိုဖြစ်နေပြီ” ဟု ဆိုသည်။ သူမပြောသည် ကို ကျွန်ုပ်သဘောတူသည်။ “သင်သည် ကြိုတင်စာ ရင်းပေးသွင်းထားခြင်းမရှိလျှင် သင်သွားလိုရာအရပ်သို့ လုံးဝမသွားနိုင်ပါ။ သင် သည် ဟာဝါရီ (Hawaii) သို့သွားလိုလျှင် မှန်ကန်တိကျသောလက်မှတ် ကို ကိုင်ဆောင်သွားရမည်” ဟု ဆိုထားသည်။ “သို့သော် သင်သည် လက် မှတ် တန်ဖိုးကိုတော့ပေးရမှာပေါ့။” ထိုအခါ အမျိုးသမီးက “ဟုတ်ပါတယ်” ဟု ပြန်ဆိုသည်။ ဆက်လက်၍ ကျွန်ုပ်က “ကောင်းကင်သို့သွားရမည့်လက်မှတ် အတွက်လည်း ပေးရမည်။ သို့ရာတွင် အဘယ်သူမျှ ကြိုးစား၍ မရနိုင်အောင် အဖိုးထိုက်တန်လွန်းလှသည်။ ကျွန်ုပ်တို့ပြုမိသော ဒုစရိုက်အပြစ်များသည် ကောင်းကင်ဘုံသို့မသွားနိုင်လောက်အောင် အဆီးအတားပေးနေသည်။ ဘုရားသခင်သည် ကောင်းကင်ဘုံထဲသို့ အပြစ်ဝင်ရောက်သည်ကို မလိုလားပေ။ သင်သည် ဘုရားသခင်နှင့်အတူ ကောင်းကင်ဘုံတွင် ထာဝရစံစားသွားလိုလျှင် အပြစ်ထဲက ရွေးနှုတ်ကယ်တင်ခြင်းကို ခံရရန် လိုအပ်ပါသည်။ ထိုအရာကို အပြစ်လုံးဝကင်းစင်သောသူသာလျှင် လုပ်ဆောင်နိုင်ပါသည်။ ထိုသို့ အပြစ်ကင်းစင်သောသူမှာ ယေရှုခရစ်သာလျှင် ဖြစ်ပါသည်။ သင်သည် ကောင်းကင်ဘုံသို့သွားရန် လိုအပ်သောအခကိုပေးနိုင်သည့် တစ်ဦးတည်းသောပုဂ္ဂိုလ်ဖြစ်ပါသည်။ သူ

သည် လက်ဝါးကပ်တိုင်တွင် သွန်းလောင်းသောအသွေးတော်အားဖြင့် အဖိုးအခကို ပေးတော်မူခဲ့သည်” ဟု ဆိုလိုက်သည်။

ထို့ကြောင့် ကောင်းကင်ဘုံထဲသို့ ဝင်စားနိုင်ရန် အဘယ်အရာကို လုပ်ဆောင်ရမည်နည်း။ ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံးကို ခေါ်ဖိတ်ထားပါသည်။ ဘုရားသခင်၏ခေါ်ဖိတ်ခြင်းကို လက်ခံရန် ကျွန်ုပ်တို့အား တိုက်တွန်းထားသည့် ကျမ်းပိုဒ်များစွာကို သမ္မာကျမ်းစာထဲ၌ တွေ့မြင်ရပါသည်။

- **“ကျဉ်းမြောင်းသောတံခါးကို ဝင်ခြင်းငှါ ကြိုးစားအားထုတ်ကြလော့။ အကြောင်းမူကား၊ အများသောသူတို့သည် ဝင်ခြင်းငှါအလိုရှိသော်လည်း၊ မစွမ်းနိုင်ကြဟု ငါဆို၏။”** (လုကာ ၁၃း၂၄)
- **“နောင်တရကြလော့။ ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ။”** (မဿဲ ၄း၁၇)


© wwing - istockphoto.com

- **“ကျဉ်းသောတံခါးကို ဝင်ကြလော့။ ပျက်စီးခြင်းသို့ရောက်သောလမ်းနှင့်တံခါးသည် ကျယ်ဝန်းသည်ဖြစ်၍ ဝင်သောသူတို့သည် များကြ၏။ အသက်ရှင်ခြင်းသို့ရောက်သောလမ်းနှင့်တံခါး သည် အလွန်ကျဉ်းမြောင်းသည်ဖြစ်၍၊ တွေ့ဝင်သောသူတို့သည် နည်းကြ၏။”** (မဿဲ ၇း၁၃-၁၄)
- **“ထာဝရအသက်ကို ကိုင်ယူလော့။ ထိုအသက်ကို ရမည်အကြောင်း၊ သင်သည် ခေါ်တော်မူခြင်းကို ခံရ၏။”** (၁ တိမောသေ ၆း၁၂)
- **“သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့်သင်၏ အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်။”** (တမန်တော် ၁၆း၃၁)

ဤကျမ်းပိုဒ်အားလုံးသည် သက်ဝင်လှုပ်ရှားပြီး တိုက်တွန်းနှိုးဆော်သည့် ခေါ်ဖိတ်ခြင်းများပင်ဖြစ်ပါသည်။ သင်သည် အရေးပေါ် အရေးကြီးသည်ကိုသိမြင်ပြီး ကျမ်းပိုဒ်များ၏မှန်ကန်မှုကို အမှန်တကယ် လက်တွေ့ ကျင့်သုံးရမည်။ လက်တွေ့လုပ်ဆောင်ရမည့် အဓိကအချက်မှာ အောက်တွင်ဖော်ပြထားသည့်ဆုတောင်း ချက်ကဲ့သို့ဆုတောင်းခြင်းအားဖြင့် ခေါ်ဖိတ်ခြင်းကို လက်ခံရန်ပင်ဖြစ်ပါသည်။

"သခင်ယေရှုခရစ်၊ ကျွန်ုပ်သည် ကိုယ်တော်ရှိတော်မမူသကဲ့သို့ အသက်ရှင်ခဲ့ပါ၏။ ယခုတွင် အဘယ်သို့ သောသူဖြစ်ကြောင်းကို သိမှတ်သ-ဖြင့် ဆုတောင်းပဌနာပြုလျက် ကိုယ်တော့်အထံတော်ပါးသို့ ပထမဆုံးအကြိမ် ပြန်၍လှည့်လာပါ၏။ ကောင်းကင်ဘုံအမှန်တကယ်ရှိတော်မူကြောင်းကို လည်းကောင်း၊ ငရဲသည်လည်း ရှိတော်မူကြောင်းကိုလည်းကောင်း အမှန်တကယ် သိရှိလို့လာပါပြီ။ ကျွန်ုပ်ပြုမိသောအပြစ်ဒုစရိုက်၊ အထူးသဖြင့် ကျွန်ုပ်၏ မယုံကြည်ခြင်းကြောင့် ကျွန်ုပ်အဖို့ထိုက်တန်လွန်းသော ထာဝရငရဲထဲက ကယ်နှုတ်တော်မူပါ။ ကောင်းကင်ဘုံ၌ ကိုယ်တော်နှင့်အတူ ထာဝရကာလပတ်လုံး စံစားဖို့ရန်မှာ ကျွန်ုပ်နှလုံးသားထဲကလာသော ဆန္ဒအမှန်ပင်ဖြစ်ပါသည်။ ကျွန်ုပ်၏ကုသိုလ်ကောင်းမှု၊ အကျင့်သီလအားဖြင့် ကောင်းကင်ဘုံသို့ဝင်ရောက်နိုင်ခြင်းမရှိဘဲ ယုံကြည်ခြင်းတစ်ခုတည်းအားဖြင့်သာ ဝင်ရောက်နိုင်ကြောင်းကို ယခုနားလည်ပါပြီ။ အကြောင်းမှာ ကိုယ်တော်သည် အကျွန်ုပ်ကိုချစ်တော်မူသည်၊ အကျွန်ုပ်အဖို့ လက်ဝါးကပ်တိုင်တွင် အသေခံတော်မူပြီး ကျွန်ုပ်၏မကောင်းသောအမှုအရာများကို မိမိကိုယ်ပေါ်တင်၍ ကိုယ်စားခံပေး ဆပ်တော်မူခဲ့သည်။ ကိုယ်တော့်ကို အလွန်ပင် ကျေးဇူးပင်ပါသည်။ ကျွန်ုပ်ငယ်ရွယ်သည့်အချိန်မှစ၍ ပြုမိသောအပြစ်ဒုစရိုက် အလုံးစုံတို့ကို ပြန်၍သိမြင်လာပါ၏။ ကျွန်ုပ်မှတ်မိသောအပြစ်များသာမက မေ့လျော့သောအပြစ်အလုံးစုံတို့ကိုလည်း ကိုယ်တော်သိပါ၏။ ကိုယ်တော်သည် ကျွန်ုပ်အကြောင်းနှင့်ပတ်သက်ပြီး အလုံးစုံကို သိမြင်သောဘုရားဖြစ်ပါ၏။ ကျွန်ုပ်စိတ်နှလုံးအကြံအစည်များ ဝမ်းနည်းခြင်း သို့မဟုတ် ဝမ်းမြောက်ခြင်း၊ ပျော်ရွှင်ခြင်း သို့မဟုတ် စိတ်ပျက်ခြင်းတို့သည် မျက်မှောက်တော်တွင် ထင်ရှားလျက်ရှိ ပါ၏။ ကျွန်ုပ်သည် မျက်မှောက်တော်တွင် ဖွင့်ထားလျက်ရှိသော စာအုပ်နှင့်တူပါ၏။ အသက်ရှင်တော်မူသော ကိုယ်တော်ဘုရား ယခုထိ ကျွန်ုပ်၏အဖြစ်တော်နှင့်အသက်ရှင်သည့်နည်းလမ်းအားဖြင့် မျက်မှောက် တော်သို့တိုးဝင်ချဉ်းကပ်ရန် မဖြစ်နိုင်ပါ။ ထိုနည်းတူ ကောင်းကင်ဘုံသို့လည်း ဝင်ရောက်ရန် မဖြစ်နိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်သည် အတွင်းနှလုံးသားထဲက နောင်တရနေသည်ဖြစ်၍ ပြုမိခဲ့သမျှ အပြစ်အလုံးစုံတို့ကို ခွင့်လွှတ်ပေးပါရန် အသနားခံ တောင်းလျှောက်ပါ၏။ ယခု ကျွန်ုပ်အသက်တာထဲတွင် ကိုယ်တော်ကို ကျွန်ုပ်၏ကယ်တင်ရှင်နှင့်အရှင်သခင်အဖြစ် ယုံကြည်လက်ခံပါ၏။ ကျွန်ုပ်၏ အသက်တာကို အုပ်စိုး လမ်းပြတော်မူပါ။ ကိုယ်တော်၏အလိုတော်ကိုဆောင် လျက် စိတ်နှလုံးကိုကျေနပ်စေသည့်အသက်တာမျိုးဖြင့် အသက်ရှင်လိုပါ၏။

ကိုယ်တော်အလိုကျ အသက်မရှင်မှုများအားလုံးကို အရှုံးပေးစွန့်ပစ်နိုင်ရန် ကူမတော်မူပါ။ အသစ်သော အကျင့်စရိုက်များဖြင့် အသက်ရှင် လျှောက်လှမ်းနိုင်ရန် မစကောင်းကြီးပေးတော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်တော်သမ္မာတရားကို နားလည်စေပါ။ ကျွန်ုပ်အား မိန့်တော်မူသမျှကို နားလည်သဘော ပေါက်စေရန် မစမူပါ။ ကိုယ်တော်၏နှုတ်ကပတ်တော်ထဲတွင် အသစ်သောခွန်အားနှင့်ဝမ်းမြောက် ခြင်းကို ရရှိနိုင်ရန် မစမူပါ။ ကျွန်ုပ် ယခုသွားမည့် အလိုကျလမ်းကို ညွှန်ပြလျက် ကိုယ်တော်၏ နောက်တော်သို့လိုက်လျှောက် အသက်ရှင်နိုင်ရန် နာခံတတ်သောနှလုံးသားကို ပေးတော်မူပါ။ အကျွန်ုပ် တောင်းလျှောက်သော ဆုတောင်းပဌနာကို နားညောင်းတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ ယခုတွင် အထံတော်သို့ ပြန်လည်တိုးဝင်လာခြင်းနှင့်အတူ ဘုရားသခင်၏သားတစ်ယောက်ဖြစ်လာ၍ တစ်နေ့တွင် ကိုယ်တော်နှင့်အတူ ကောင်းကင်ဘုံ၌ ထာဝရစံစားရမည်အကြောင်း ကတိတော်ကို အကြွင်းမဲ့ ယုံကြည်လက်ခံပါ၏။ ကြုံတွေ့ရသော အခြေအနေတိုင်းတွင် အနား၌ ကိုယ်တော်ရှိနေပေးမည့် ကြီးမားသည့်အခွင့်ထူးကို လက်ဝယ်ပိုင်ဆိုင်ထားခြင်းကြောင့်အလွန်ပင် စိတ်နှလုံးရွှင်မြူး ဝမ်းမြောက်လျက်ရှိပါ၏။ ယခုပင် ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူရှိနေပါ၏။ ကိုယ်တော်ကို ယုံကြည်လက်ခံသောလူများနှင့် ကိုယ်တော်၏ နှုတ်ကပတ်တော် သမ္မာတရားကိုမှန်ကန်စွာ သွန်သင်ပေးသောအသင်းတော်ကို ရှာတွေ့နိုင်ရန် ကူညီမစမူတော်ပါ။ အာမင်။”



Title of the original edition: Wie komme ich in den Himmel?
Homepage of the author: www.wernergitt.de
Translated by Martin Lalthangliana

Publisher: Bruderhand-Medien
Am Hofe 2, 29342 Wienhausen, Germany
E-Mail: info@bruderhand.de; Homepage: bruderhand.de

Nr. 120-78 – Burmesisch/Burmese – 1st edtion 2016